Third Story Project
in cooperation with
myanmar Story Tellers
facebook.com/thirdstorychildrenbooks

# ကြက်ဥပုံပြင်

သံလွင်မြင့်
ကာတွန်းသရုပ်ဖော် – သီဟ(စခန်းသစ်)



# ကြက်ဥပုံပြင်

သံလွင်မြင့်

ကာတွန်းသရုပ်ဖော် - သီဟ(စခန်းသစ်)



တတိယအမြင် ပုံပြင်များ စာစဉ်

Third Story Project

မြန်မာပုံပြောသူများအဖွဲ့နှင့် စေတနာရှင်လူငယ်များ (ရန်ကုန်) တို့မှ ပူးပေါင်းထုတ်ဝေသည်။

ထုတ်ဝေသူ - ဒေါ်အိပွင့်ရှိဖုံ (၀၁၇၉၃)
သဒ်စတိုရီပရောဂျက်စာပေတိုက်
အမှတ် (၁၇၃)၊ ပထမထပ်၊ ၃၈ လမ်း (လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ် - ရွှေပုံနှိပ်တိုက် (မြဲ-၀၀၆၃၂၆)
အမှတ် (၁၅၃/၁၅၅)၊ သစ်တောဝင်း (အောက်လမ်း)
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။




ကြက်ဥကလေးတော့
ကမ္ဘာမြေပေါ်ကို  ရောက်ရှိလာခဲ့ပါပြီ။

ကြက်ဖေဖေနဲ့ ကြက်မေမေ တို့ကလည်း
ကြက်ဥလေးကို ချစ်ကြတယ်။
ညီအစ်ကို မောင်နှမတွေလည်း အများကြီးပဲလေ။



ကြက်ဥကလေးဟာ ကြီးလာရင်
ဘာလုပ်ရမလဲဆိုပြီး
စိတ်ကူးယဉ်နေလေ့ရှိပါတယ်။
ကြက်ကျောင်းဆရာကြီးလုပ်ပြီး
ကြက်ကလေးတွေကို
စာသင်ပေးချင်တာပေါ့။



တစ်ရက်တော့ ကြက်တွေ
ပြေးလွှားအော်ဟစ်နေကြတာကို
ကြက်ဥကလေးတွေ့လိုက်ရတယ်။
ကြက်ဥကလေး သိပ်ကြောက်တာပဲ။




ကြက်ဥကလေးဟာ “ဖေဖေရေ...မေမေရေ” ဆိုပြီး အော်ကြည့်တယ်။ ဖေဖေနဲ့ မေမေတို့ကို မတွေ့ရတော့ဘူးလေ။ မောင်နှမတွေလည်း ဘယ်ရောက်သွားပါလိမ့်။




ကြက်ဥကလေးဟာ ရန်ဖြစ်နေတဲ့ ကြက်ကြီးတွေရဲ့
ဝေးရာကို ထွက်ပြေးခဲ့ရတယ်။
ဖေဖေကြက်၊ မေမေကြက်နဲ့
မောင်နှမတွေကို သတိရလိုက်တာ။



ကြင်နာတတ်တဲ့ ကိုကိုမမ ကြက်တွေက ကြက်ဥကလေးနဲ့
တခြားကြက်ဥကလေးတွေကို ဝိုင်းဝန်းပြုစုပေးကြတယ်။
ကြက်ဥကလေးဟာ သူငယ်ချင်းတွေနဲ့ ကစားတယ်။
မုန့်စားတယ်၊ ဆေးရောင်ခြယ်တယ်။
ပုံပြင်တွေ နားထောင်တယ်။





ကြက်ဥကလေးဟာ ဖေဖေနဲ့ မေမေကို
သိပ်လွမ်းတာပဲ။ ကြက်တွေရန်မဖြစ်ကြရင်
သူ ဖေဖေ၊ မေမေ တို့နဲ့ အတူနေရမှာ။

တစ်ရက်တော့ ကြက်ကိုကိုမမတွေက
ဖေဖေနဲ့ မေမေကိုတွေ့အောင်ရှာပြီး
ခေါ်လာပေးတယ်။
ကြက်ဥကလေးပျော်လိုက်တာ။
သူတို့နဲ့ အတူရှိနေရင်
ကြက်ဥကလေး ဘာကိုမှမကြောက်တော့ဘူး။



ကြက်ဥကလေး စာကြိုးစားပါတယ်။
ကြက်ကျောင်းဆရာကြီးဖြစ်ရင် ရန်မဖြစ်ဖို့
ကြက်ကလေးတွေကို သင်ပေးရမယ်။



# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

ဘာဖြစ်လို့ ကြက်ဥလေးဟာ
မိဘတွေနဲ့ ကွဲသွားတာလဲ။



မိဘတွေနဲ့ဝေးနေချိန်
ကြက်ဥလေး ဘယ်လို
ခံစားရမလဲ။ ပြန်တွေ့ချိန်
ဘယ်လိုခံစားရမလဲ။





ကြက်ဥလေးကြီးလာရင်
ဘာဖြစ်ချင်တာလဲ။
ကလေးတို့ရော
ကြီးလာရင် ဘာဖြစ်ချင်လဲ။



ကြက်တွေရန်ဖြစ်တာ
ကောင်းရဲ့လား။
ဘာဖြစ်လို့လဲ။

ကလေးများသည် မိဘများ၏ စောင့်ရှောက်မှုအောက်တွင် နေထိုင်ခွင့် ရှိသည်။
ကလေးများသည် အကြမ်းဖက်မှုများနှင့် စစ်ပွဲများ၏ ဒဏ်မှအကာအကွယ် ရပိုင်ခွင့်ရှိသည်။

မိသားစု၏ အဝေးတွင်နေထိုင်ရသည့် ကလေးငယ်များအတွက် လုံခြုံသော ကာကွယ်စောင့်ရှောက်မှုအောက်တွင် နေထိုင်ခွင့်ရှိသည်။